# ဝမ္မခန္ဓာ (၁၃) "မိုးကြိုးသံ" (အာရ်ရာအ်ဒ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ်– ၉၆၊ သုတ်ဒေသနာ– ၄၃ ပါး။

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁း၁

၁။ **المر تِلْكَ آيَاتُ الْكِتَابِ وَالَّذِيَ أُنزِلَ إِلَيْكَ مِن رَّبِّكَ الْحَقُّ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يُؤْمِنُونَ**۞
အလက်ဖ်၊လမ်၊မင်၊ရာ[၅၆၁] ဤသည် ကျမ်းတော်၏ သုတ်ဒေသနာများ ဖြစ်၏။ သင့်ကံကြမ္မာရှင်က သင့်ထံသို့ ချမှတ်ပေးရာသည် ပရမတ္တသစ္စာပင် ဖြစ်၏။ သို့ရာတွင် လူသား အများစုမှာ ယုံကြည်ကြသည် မဟုတ်ချေ။

၂။ **اللهُ الَّذِي رَفَعَ السَّمَاوَاتِ بِغَيْرِ عَمَدٍ تَرَوْنَهَا ثُمَّ اسْتَوَى عَلَى الْعَرْشِ وَسَخَّرَ الشَّمْسَ وَالْقَمَرَ كُلٌّ يَجْرِي لأَجَلٍ مُّسَمًّى يُدَبِّرُ الأَمْرَ يُفَصِّلُ الآيَاتِ لَعَلَّكُم بِلِقَاء رَبِّكُمْ تُوقِنُونَ**۞
☆၂း၂၉ ✡၁၀း၃ ❖၂း၄
ပရမတ်ဘုရားရှင်သည် မိုးများကို တိုင်မရှိဘဲ မြှင့်တင်ထားတော်မူကို သင်တို့ မြင်နိုင်၏။ တဖန်☆ ထပ်ဆင့်ကွပ်ကဲမှုကို ပုံပေါ်စေ၍၊✡ နေနှင့်လအား သတ်မှတ်ထားသော အချိန်ကာလအတိုင်း လှည့်လည်သွားလာစေ၏။ သင်တို့သည် အရှင့်အား ဖူးတွေ့ရမည်ကို မျက်မှောက်ပြုအံ့ငှာ❖ စီမံချက်များကို ဥပဒေပြု၍၊ သုတ်ဒေသနာများကို အသေးစိတ်ရှင်းပြ၏။

၃။ **وَهُوَ الَّذِي مَدَّ الأَرْضَ وَجَعَلَ فِيهَا رَوَاسِيَ وَأَنْهَارًا وَمِن كُلِّ الثَّمَرَاتِ جَعَلَ فِيهَا زَوْجَيْنِ اثْنَيْنِ يُغْشِي اللَّيْلَ النَّهَارَ إِنَّ فِي ذَلِكَ لآيَاتٍ لِّقَوْمٍ يَتَفَكَّرُونَ**۞
အရှင်သည် မြေကမ္ဘာအား တိုးရွေ့စေလျက်[၅၆၂] ထို၌ တောတောင်များ၊ မြစ်များကို ပြုလုပ်တော်မူ၏။ ထိုသီးနှံကိုယ်စီမှ–ထိုအထဲတွင် ဖွဲ့တည်မှု နှစ်မျိုး ပြုလုပ်စေ၍[၅၆၃] ညည့်ကို နေ့ပေါ်သို့ ဖုံးလွှမ်းစေ၏။ ဤ၌ စီစစ်သုံးသပ်သော လူမျိုးအတွက် သက်သေလက္ခဏာများ ရှိနေ၏။

၄။ **وَفِي الأَرْضِ قِطَعٌ مُّتَجَاوِرَاتٌ وَجَنَّاتٌ مِّنْ أَعْنَابٍ وَزَرْعٌ وَنَخِيلٌ صِنْوَانٌ وَغَيْرُ صِنْوَانٍ يُسْقَى بِمَاء وَاحِدٍ**

---

(၅၆၁) **ငါသည် ကုန်စင်သိနေသော၊ ကုန်စင်မြင်နေသော ပရမတ်ဘုရားရှင် ဖြစ်တော်မူ၏။** ဟု အနက်ပေးသည်။ **အလက်ဖ်၊ လမ်** ၏ အနက်ကို ၂း၁ တွင်လည်းကောင်း၊ **ရာ** ၏ အနက်ကို ၁၀း၁ တွင်လည်းကောင်း ကြည့်ပါ။

(၅၆၂) ကျမ်းတော်က "မြေကမ္ဘာအား တိုးရွေ့နေလျက် ရှိနေစေသည် ဤသုတ်တော်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် တိုက်မြော သီအိုရီကို တင်ပြထားပြီး ဖြစ်ပေသည်။ ကမ္ဘာကြီး လုံးကြောင်းကို ကျမ်းတော်၏ များစွာသော နေရာများတွင် ဆိုထားပေသည်။ သုတ်တော် ၂ တွင်လည်း နေနှင့်လသည် လှည့်လည်သွား လာစေသည် ဟူသည်ကလည်း၊ ကမ္ဘာကြီးလုံးကြောင်းကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ လုံးမနေဘဲ ပြားနေပါက "လှည့်လည်" သည် ဆိုသော စကားကို သုံး၍ မရပေ။ ကမ္ဘာကြီးလုံးကြောင်းကို အေဒီ ၇ ရာစုကတည်းက အေမန် ရာဇီ ဖွင့်ဆိုခဲ့သော ကျမ်းမြတ်ကုရ်အာံ အကျယ်ဖွင့်တွင် ဖေါ်ပြထားပြီး ဖြစ်ပေသည်၊ (ကဗီရ်)။ (ဆရာတော် ဃာဇီဟာရှင်၏ မြန်မာပြန် အကျယ်ဖွင့်ကျမ်း၊ အတွဲ ၁၃၊ စာမျက်နှာ ၁၄၂)။ (၁၁း၇ တွင်လည်း ကြည့်ပါ။)

(၅၆၃) **وَمِن كُلِّ الثَّمَرَاتِ جَعَلَ فِيهَا زَوْجَيْنِ اثْنَيْنِ** ကို အချို့ ဆရာတော်ကြီးများက သီးနှံကိုယ်စီအား ဖို။ မ နှစ်မျိုး ပြုလုပ်ပေးသည်ဟု ပြန်ဆိုကြပေသည်၊ သို့သော် ဤဝါကျတွင် အဖို၊ အမ ဟူသော စကားလုံး မပါဝင်ချေ၊ **زَوْجَيْنِ** – ဆိုသည့် ဝေါဟာရအား ၅၁း၄၉ တွင် ကြည့်ပါ။ ကျမ်းတော်၏ ၁၃း၃။ ၅၁း၄၉။ ၅၃း၄၅။ ၅၅း၅၂။ ၇၅း၃၉ တွင် ဖေါ်ပြထားသည်။

وَنُفَضِّلُ بَعْضَهَا عَلَى بَعْضٍ فِي الأُكُلِ إِنَّ فِي ذَلِكَ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ۞

မြေပေါ်၌ ဆက်စပ်နေသော လယ်ကွက်များ၊ စပျစ်ဥယျာဉ်များ၊ ယာခင်းများ၊ ကိုင်းကူး– မျိုးချ[၅၆၄] စွံပလွန်ပင်များသည် ရှိ၏။ ၎င်းတို့သည် တစ်ခုတည်းသော ရေကို သွင်းပေးခြင်းခံရသော်လည်း စားသုံးရာတွင် အချို့ကို အချို့ထက် ထူးကဲစေတော်မူ၏။ ဤ၌ အတွေးအခေါ်ရှိသော လူမျိုးအတွက် သက်သေလက္ခဏာများ ရှိနေ၏။

၅။ وَإِن تَعْجَبْ فَعَجَبٌ قَوْلُهُمْ أَئِذَا كُنَّا تُرَابًا أَئِنَّا لَفِي خَلْقٍ جَدِيدٍ أُوْلَئِكَ الَّذِينَ كَفَرُواْ بِرَبِّهِمْ وَأُوْلَئِكَ الأَغْلاَلُ فِي أَعْنَاقِهِمْ وَأُوْلَئِكَ أَصْحَابُ النَّارِ هُمْ فِيهَا خَالِدونَ۞

အသင်သည် အံ့သြတတ်လျှင်၊ "ကျွန်ုပ်တို့သည် မြေမှုန့် ဖြစ်ပြီးနောက် အသစ်တဖန် ဖြစ်တည်ခြင်း ခံရမည်လော၊"ဟူသော သူတို့၏ အပြောသည် ပို၍ အံ့သြစရာပင်။[၅၆၅] သူတို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖုံးကွယ်ကြ၏။ ထိုသူများသည် လည်ပင်း၌ ကွင်းစွပ်ခံထားရသူများ ဖြစ်၏။ သူတို့သည် အပူမီး၏ အဖော်များ ဖြစ်ကြ၏။ ထို၌ ကာလမဲ့ခံစားရမည့် သူများ ဖြစ်၏။

၆။ وَيَسْتَعْجِلُونَكَ بِالسَّيِّئَةِ قَبْلَ الْحَسَنَةِ وَقَدْ خَلَتْ مِن قَبْلِهِمُ الْمَثُلاَتُ وَإِنَّ رَبَّكَ لَذُو مَغْفِرَةٍ لِّلنَّاسِ عَلَى ظُلْمِهِمْ وَإِنَّ رَبَّكَ لَشَدِيدُ الْعِقَابِ۞

ကောင်းမွန်ခြင်း မတိုင်မီ အကုသိုလ်ကိုသာ သင့်ထံ၌ အလျှင်စလို တောင်းဆိုကြ၏။ သူတို့မတိုင်မီ ကုန်လွန်ခဲ့သော ဥပမာများစွာလည်း ရှိခဲ့ပြီ။ သင်၏ကံကြမ္မာရှင်သည် လူသားတို့၏ မိုက်မဲမှုအပေါ်၌ ရက်ရောစွာ လွတ်ငြိမ်းခွင့်ပေးသော အရှင်ဖြစ်၏။ ကေန်ပင် သင့်ကံကြမ္မာရှင်သည် ပြတ်သားစွာ တန်ပြန်စေသော အရှင်လည်း ဖြစ်၏။

၇။ وَيَقُولُ الَّذِينَ كَفَرُواْ لَوْلآ أُنزِلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ إِنَّمَا أَنتَ مُنذِرٌ وَلِكُلِّ قَوْمٍ هَادٍ۞

မုဟမ္မဒ်

ဖုံးကွယ်သောသူများက "**သူ့**ကံကြမ္မာရှင်၏ထံမှ **သူ့**ထံသို့ သက်သေလက္ခဏာ တစ်ပါး ချမှတ်ပေးပါလေစ၊"ဟု ဆိုကြ၏။ အသင်သည် သတိပေးသူ၊ လူမျိုးကိုယ်စီအား လမ်းပြသူသာ ဖြစ်ပေ၏။

၈။ اللّهُ يَعْلَمُ مَا تَحْمِلُ كُلُّ أُنثَى وَمَا تَغِيضُ الأَرْحَامُ وَمَا تَزْدَادُ وَكُلُّ شَيْءٍ عِندَهُ بِمِقْدَارٍ۞

---

(၅၆၄) **ဆွင်းဝါးနွန်** ဆိုသည်မှာ အမြစ် တစ်ခုတည်းမှ တစ်ပင်မက ပေါက်သော အပင်ကို ခေါ်၍၊ **ဂိုင်းရို့ ဆွင်းဝါးနင်** ဆိုသည်မှာ အမြစ် တစ်ခုမှ တစ်ပင်သာ ပေါက်သော အပင်ကို ခေါ်ပေသည်။ အမြစ်တစ်ခုမှ တစ်ပင်မက ပေါက်ရောက်သော အပင်အား ဤဘာသာပြန်တွင် ကိုင်းကူး၍ ရသောအပင် အဖြစ်လည်းကောင်း၊ အမြစ်တစ်ခုမှ တစ်ပင်သာ ပေါက်သော အပင် သို့မဟုတ် ပင်ထောင်ပင်ကို မျိုးစေ့ချ စိုက်ရသော အပင်အဖြစ်လည်းကောင်း ပြန်ဆိုကာ၊ "ကိုင်းကူး–မျိုးချ" ပင်ဟု အပင်အမျိုးအစား နှစ်မျိုးအဖြစ် ပြန်ဆိုရေးသားခြင်း ဖြစ်သည်။

(၅၆၅) အသင်သည် အံ့သြတတ်လျှင်၊ "ကျွန်ုပ်တို့သည် မြေမှုန့် ဖြစ်ပြီးနောက် အသစ်တဖန် ဖြစ်တည်ခြင်း ခံရမည်လော၊"ဟူသော သူတို့၏ အပြောသည် ပို၍ အံ့သြစရာပင်– ဆိုသည်မှာ ထိုပြန်ပြောသူများ၏ အံ့သြလောက်အောင် ပညာမဲ့မှုကို ဖော်ပြခြင်း ဖြစ်ပေသည်။ သက်ရှိသတ္တဝါ တစ်ဦး သေကြေပျက်စီးပြီးနောက် ထိုမှ ဖြစ်သွားသော မြေမှုန့်သည် ထိုသတ္တဝါအဖြစ် ပြန်လည် ဖြစ်လာမည်ဟု ကျမ်းတော်က လုံးဝ ဆိုမထားချေ။ ထိုပြန်ပြောသူများမှာ ဥပမာပေး ပြောဆိုသော စကားလုံးအတိုင်း သေကြေပျက်စီးပြီးသား မြေမှုန့်မှ ထိုသေသွားသော သတ္တဝါ၏ ကိုယ်ထည်အဖြစ် ပြန်ဖြစ်လာမည်ဟု ခံစားပြောဆိုခြင်းသာ ဖြစ်ပေသည်။ ဘာသာတရား တစ်ခုခုကို လက်ခံသော မည်သူသည်မဆို ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ အကြောင်းကို နားလည်ပြီး ဖြစ်ပေသည်။ နာမ်ခန္ဓာသည် သေသွားသည်ဟု မည်သည့်ဘာသာကမှ မဆိုချေ။ မချုပ်ငြိမ်းမီ သုခဘုံ သို့မဟုတ် ဒုက္ခဘုံ တစ်ခုခု၌ ဆက်လက် ခံစားရမည်ဟုသာ လက်ခံထားကြပေသည်။ ဤနေရာ၌ "မြေမှုန့်ဖြစ်ပြီးနောက် အသစ်တဖန် ဖြစ်တည်ရခြင်း" ဆိုသည်မှာ အနယ်ထိုင် နေသောဘဝ (မြေမှုန့်)မှ တစ်ဆင့်တက် အတွေးအခေါ် ပြောင်းလဲသော ယဉ်ကျေးမှုခေတ်ပြောင်း ဆင့်ကူးယူရသော ဘဝသို့ တက်လှမ်းခြင်းကို ခေါ်ပေသည်။ တနည်းအားဖြင့် မိရိုးဖလာ အတွေးအခေါ်မှ တစ်ဆင့်တက်လှမ်း အတွေးအခေါ်ကို ပြောခြင်း ဖြစ်ပေသည်။ ခေတ် နောက်ကျနေသော ရိုးရာအား တော်လှန်ပယ်သတ်၍ မျိုးဆက်သစ်တို့အား ဖွံ့ဖြိုးစေသည့် ခေါင်းဆောင်ကောင်းများ၏ စကားကို လက်မခံ ပယ်ချသော လူမျိုးများသည် မျိုးဆက် တိမ်ကောသွားရသည်သာ ဖြစ်ပေသည်။ ၎င်းကို နောက်သုတ်တော်ပါ "သူတို့မတိုင်မီ ကုန်လွန်ခဲ့သော ဥပမာ များစွာ ရှိခဲ့ပြီ၊" ဆိုသော စကားက အတိအကျထောက်ပြထားပေသည်။ ထိုစကားအား ဉာဏ်မမှီလောက်အောင် ဉာဏ်ပညာအားနည်းသော သူတို့၏ ပညာမဲ့မှုမှာ လွန်စွာပင် အံ့သြစရာဖြစ်ကြောင်းကို ဤသုတ်တော်က ထောက်ပြခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် အမတို့၏ ကိုယ်ဝန်ဆောင်မှုကိုယ်စီနှင့် ဝမ်းကြာတိုက်မှ လျော့ပေါ့ခြင်း၊ တိုးပွားခြင်းများကို ကုန်စင်သိတော်မူ၏။ အရာတိုင်းကိုယ်စီသည် အရှင့်ထံပါး၌ စည်းချိန်သတ်မှတ်ပြီး ဖြစ်၏။ |
| ၉။ | عَالِمُ الْغَيْبِ وَالشَّهَادَةِ الْكَبِيرُ الْمُتَعَالِ۝<br>အရှင်သည် စက္ခုလွန်များ၊ မျက်မှောက်သက်သေများကို သိတော်မူသည့် အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံး အရှင် ဖြစ်၏။ |
| ၁၀။ | سَوَاء مِّنكُم مَّنْ أَسَرَّ الْقَوْلَ وَمَن جَهَرَ بِهِ وَمَنْ هُوَ مُسْتَخْفٍ بِاللَّيْلِ وَسَارِبٌ بِالنَّهَارِ۝<br>သင်တို့အနက် လျှို့ဝှက်သူ၊ ဖွင့်ပြောသူ၊ ညအမှောင်၌ ပုန်းလျှိုးကွယ်လျှိုးပြုသူ၊ နေ့အလင်းရောင်၌ ပေါ်လွင်စွာ ဆောင်ရွက်သူ မည်သူမဆို အတူတူပင် ဖြစ်၏။ |
| ၁၁။ | لَهُ مُعَقِّبَاتٌ مِّن بَيْنِ يَدَيْهِ وَمِنْ خَلْفِهِ يَحْفَظُونَهُ مِنْ أَمْرِ اللّهِ إِنَّ اللّهَ لاَ يُغَيِّرُ مَا بِقَوْمٍ حَتَّى يُغَيِّرُواْ مَا بِأَنْفُسِهِمْ وَإِذَا أَرَادَ اللّهُ بِقَوْمٍ سُوءًا فَلاَ مَرَدَّ لَهُ وَمَا لَهُم مِّن دُونِهِ مِن وَالٍ۝<br>ပရမတ်ဘုရားရှင်၏ စီမံချက်ဖြင့် သူ့အတွက် သူ့ရှေ့မှ သူ့နောက်မှ စဉ်ဆက် စောင့်ရှောက်ထား၏။ မိမိ စရိုက်ကို မပြောင်းလဲသော လူမျိုးအား ပရမတ်ဘုရားရှင်က ပြောင်းလဲပေးခြင်း မရှိချေ။[၅၆၆] ပရမတ်ဘုရားရှင်က အကု သိုလ်သင့်စေသော လူမျိုးအတွက် ၎င်းကို ရပ်တန့်နိုင်ရာ မရှိချေ။ သူတို့အတွက် အရှင့်အား ဂုဏ်ပြိုင်လျက် ကွပ်ကဲနိုင်သူ မရှိချေ။ |
| ၁၂။<br>✡၂း၂၉ | هُوَ الَّذِي يُرِيكُمُ الْبَرْقَ خَوْفًا وَطَمَعًا وَيُنْشِىءُ السَّحَابَ الثِّقَالَ۝<br>အရှင်သည် သင်တို့အား ထိတ်လန့်ဘွယ်ရာနှင့် မျှော်လင့်ချက် ဖြစ်သော လျှပ်စစ်ရောင်နှင့် ရေ့လျှား ဝန်ဆောင်သော တိမ်ထုကို ပြသတော်မူ၏။✡ |
| ၁၃။<br>☆၂း၃၀<br>★၂း၇၀<br>✡၂း၂၉ | وَيُسَبِّحُ الرَّعْدُ بِحَمْدِهِ وَالْمَلاَئِكَةُ مِنْ خِيفَتِهِ وَيُرْسِلُ الصَّوَاعِقَ فَيُصِيبُ بِهَا مَن يَشَاء وَهُمْ يُجَادِلُونَ فِي اللّهِ وَهُوَ شَدِيدُ الْمِحَالِ۝<br>မိုးကြိုးသံသည် အရှင်၏ အစိန္တယျဂုဏ်တော်အား ရည်သန်စူးစိုက်၍၊ နိမိတ်ဆောင်တို့သည်လည်း☆ ကြက်သီးမွေးညှင်း ထကြ၏။ မိုးကြိုးသွားအား စေပို့လျက် စံချိန်ပြည့်သူအား★ ၎င်းဖြင့် ထိသက်စေ၏။ သူတို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ စောဒကတက်နေကြ၏။ အရှင်သည်ကား ပြတ်သားသော ဘုန်းတန်ခိုးတော်ရှင် ဖြစ်၏။✡ |
| ၁၄။ | لَهُ دَعْوَةُ الْحَقِّ وَالَّذِينَ يَدْعُونَ مِن دُونِهِ لاَ يَسْتَجِيبُونَ لَهُم بِشَيْءٍ إِلاَّ كَبَاسِطِ كَفَّيْهِ إِلَى الْمَاء لِيَبْلُغَ فَاهُ وَمَا هُوَ بِبَالِغِهِ وَمَا دُعَاء الْكَافِرِينَ إِلاَّ فِي ضَلاَلٍ۝<br>အရှင့်ထံ၌ ဆုတောင်းခြင်းသည် မှန်ကန်မှု ဖြစ်၏။ အရှင့်အား တုပြိုင်လျက် သူတို့ဆုတောင်းသော အရာများသည် စိုးစဉ်းမျှ အလိုတူနိုင်ခြင်း မရှိချေ။ ပါးစပ်ထဲသို့ ရေရောက်မည်လောဟု လက်နှစ်ဘက်ကို ရေဘက်သို့ ဆန့်ထားသူနှင့် တူ၍ ရေသည် ရောက်လာမည် မဟုတ်ချေ။ ဖုံးကွယ်သူတို့၏ ဆုတောင်းခြင်းသည် လမ်းလွဲလျက်သာရှိ၏။ |
| ၁၅။ | وَلِلّهِ يَسْجُدُ مَن فِي السَّمَاوَاتِ وَالأَرْضِ طَوْعًا وَكَرْهًا وَظِلالُهُم بِالْغُدُوِّ وَالآصَالِ۝<br>မိုးများနှင့် မြေကမ္ဘာ၌ ရှိသမျှတို့သည် လိုလားသည် ဖြစ်စေ၊ မလို လားသည်ဖြစ်စေ ပရမတ်ဘုရားရှင်အား ဦးချနေရ၏။ နေတက် နေကျအားဖြင့် သူတို့၏ အရိပ်များလည်းပါ၏။ |

(၅၆၆) ဤသုတ်တော်က လူသားသည် ကောင်းမှုကိုသော်လည်းကောင်း၊ ဆိုးမှုကိုသော်လည်းကောင်း လွတ်လပ်စွာ လုပ်နိုင်ခွင့်ရှိကြောင်းကို ကြေငြာထားပေသည်။ ပရမတ်ဘုရားရှင် (အလ္လာဟ်)သည် အာဏာရှင်ကြီး မဟုတ်ပေ။ ကောင်းမှုအတွက် ကောင်းမှု၏ရလဒ်၊ ဆိုးမှုအတွက် ဆိုးမှု၏ ရလဒ် ကို ပြဋ္ဌာန်းထားခြင်းသာ ဖြစ်ပေသည်။ ၎င်းသည် လောကဓမ္မသာ ဖြစ်ပေသည်။ မည်သူတစ်ဦး တစ်ယောက်ကိုမှ နွားကဲ့သို့ နှာဖားကြိုးထိုး၍ လိုရာသို့ ဆွဲမထားပေ။ သူသည် ကောင်းမှုဘက်သို့ ပြောင်းလိုက ပြောင်းနိုင်၍၊ ဆိုးမှု၌ ပျော်မွေ့လိုက ပျော်မွေ့နိုင်ပေသည်။ ဤကျမ်းတော်သည်လည်း မည်သူ့ကိုမှ အတင်းအဓမ္မ သာသနာပြုသော ကျမ်း မဟုတ်ချေ။ ကောင်းကျိုး ဆိုးကျိုး၏ ရလဒ်အား ရှင်းလင်းပြလျက် လူသားအပေါင်းအား လမ်းညွှန်သော ကျမ်းသာ ဖြစ်ပေသည်။

၁၆။ قُلْ مَن رَّبُّ السَّمَاوَاتِ وَالأَرْضِ قُلِ اللّهُ قُلْ أَفَاتَّخَذْتُم مِّن دُونِهِ أَوْلِيَاء لاَ يَمْلِكُونَ لِأَنفُسِهِمْ نَفْعًا وَلاَ ضَرًّا
قُلْ هَلْ يَسْتَوِي الأَعْمَى وَالْبَصِيرُ أَمْ هَلْ تَسْتَوِي الظُّلُمَاتُ وَالنُّورُ أَمْ جَعَلُواْ لِلّهِ شُرَكَاء خَلَقُواْ كَخَلْقِهِ
فَتَشَابَهَ الْخَلْقُ عَلَيْهِمْ قُلِ اللّهُ خَالِقُ كُلِّ شَيْءٍ وَهُوَ الْوَاحِدُ الْقَهَّارُ۞

“မိုးများနှင့် မြေကမ္ဘာ၏ ကံကြမ္မာရှင်သည် မည်သူနည်း၊”ဟု မေး၍။ “ပရမတ်ဘုရားရှင်ပင်ဖြစ်၏၊”ဟု ဖြေကြားလော့။ ဟောကြားလော့ “သူတို့၏ စရိုက်အား ကောင်းကျိုး ဆိုးကျိုး မစိုးပိုင်ရာများကို ပရမတ်ဘုရားရှင်နှင့် တုပြိုင်လျက် ကွပ်ကဲသူအဖြစ် အယူထားကြမည်လော။” မေးမြန်းလော့ “ကန်းနေသူနှင့် မြင်နိုင်သူသည် အတူတူပင် ဖြစ်သလော၊ သို့မဟုတ် အမှောင်ထုနှင့် အလင်းရောင်သည် ထပ်တူထပ်မျှ ဖြစ်သလော၊” “သူတို့သည် ပရမတ်ဘုရားရှင်နှင့် ရေပြွန်းကိုးကွယ်ရန် လုပ်ဆောင်ကြသလော၊ ၎င်းတို့က အရှင်၏ ဖြစ်တည်ပေးခြင်းကဲ့သို့ ဖြစ်တည်စေနိုင်သလော၊ မည်သည့် ဖြစ်တည်ပေးခြင်းက သူတို့အား မပီပြင်ဖြစ်စေသနည်း၊” ဟောလော့ “ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား ဖြစ်တည်ပေးတော်မူ၏။ အရှင်သည် တစ်ဆူတည်းဖြစ်တော်မူ၏။ အချုပ်အခြာပိုင်စိုးတော်မူ၏။”

၁၇။ أَنزَلَ مِنَ السَّمَاء مَاء فَسَالَتْ أَوْدِيَةٌ بِقَدَرِهَا فَاحْتَمَلَ السَّيْلُ زَبَدًا رَّابِيًا وَمِمَّا يُوقِدُونَ عَلَيْهِ فِي النَّارِ
ابْتِغَاء حِلْيَةٍ أَوْ مَتَاعٍ زَبَدٌ مِّثْلُهُ كَذَلِكَ يَضْرِبُ اللّهُ الْحَقَّ وَالْبَاطِلَ فَأَمَّا الزَّبَدُ فَيَذْهَبُ جُفَاء وَأَمَّا مَا يَنفَعُ
النَّاسَ فَيَمْكُثُ فِي الأَرْضِ كَذَلِكَ يَضْرِبُ اللّهُ الأَمْثَالَ۞

အရှင်သည် ကောင်းကင်ယံမှ မိုးရေ သွန်းချပေး၍၊ ချောင်းရိုးအား သူ့စည်းချိန်နှင့်အညီ စီးစေလျက် ရေစီးသည် အမြှုပ်များကို တင်ပေး၏။ လက်ဝတ်တန်ဆာများ သို့မဟုတ် အသုံးအဆောင်များ ဖြစ်ရန်ပြုသော မီးထဲ၌ ဖုတ်သည့်အရာများသည်လည်း အလားတူ အမြှုပ်များအချေးများ ရှိကြ၏။ ဤသို့ ပရမတ်ဘုရားရှင်သည် အမှန်နှင့် အမှားကို ပုံဆောင်၏။ အမြှုပ်အချေးသည် အသုံးမဝင် လွင့်သွား၍၊ လူတို့အတွက် အကျိုးရှိရာသည်ကား မြေကမ္ဘာ၌ အဖတ်တင် ကျန်နေ၏။ ပရမတ်ဘုရားရှင်သည် ဤသို့ ပုံစံ ပမာပေးတော်မူ၏။

၁၈။ لِلَّذِينَ اسْتَجَابُواْ لِرَبِّهِمُ الْحُسْنَى وَالَّذِينَ لَمْ يَسْتَجِيبُواْ لَهُ لَوْ أَنَّ لَهُم مَّا فِي الأَرْضِ جَمِيعًا وَمِثْلَهُ مَعَهُ
لاَفْتَدَوْاْ بِهِ أُوْلَئِكَ لَهُمْ سُوءُ الْحِسَابِ وَمَأْوَاهُمْ جَهَنَّمُ وَبِئْسَ الْمِهَادُ۞

သူတို့၏ ကံကြမ္မာရှင်အား အရေးတယူရှိသူသည် ကောင်းမွန်၏။ အရှင့်အား အရေးတယူ မရှိသူအတို့ သူတို့သည် ကမ္ဘာမြေ၌ ရှိသမျှအားလုံးကို ပိုင်ဆိုင်ကာ–ထိုနှင့်အတူ ညီတူညီမျှရှိ၍၊ လျှော်ကြေးပေးသော်လည်း သူတို့၏ စာရင်းချုပ်သည် အကုသိုလ်ပင် ဖြစ်၏၊ သူတို့အတွက် ဌာနေ တည်းခိုရာမှာ အကုသိုလ် ငရဲဘုံပင် ဖြစ်၏။

၁၉။ أَفَمَن يَعْلَمُ أَنَّمَا أُنزِلَ إِلَيْكَ مِن رَبِّكَ الْحَقُّ كَمَنْ هُوَ أَعْمَى إِنَّمَا يَتَذَكَّرُ أُوْلُواْ الأَلْبَابِ۞

သင့်ထံ၌ သင့်ကံကြမ္မာရှင်က ချမှတ်ပေးရာသည် ပရမတ္ထသစ္စာဖြစ်၏ ဟု သိသောသူသည် ကန်းသူကဲ့သို့ ဖြစ်သလော။ သို့သော် ပညာရှင်များသည်သာ ဆင်ခြင်သတိထားကြ၏။

၂၀။ الَّذِينَ يُوفُونَ بِعَهْدِ اللّهِ وَلاَ يِنقُضُونَ الْمِيثَاقَ۞

သူတို့သည် ပရမတ်ဘုရားရှင်အား ထားသော ကတိကို ဖြည့်ဆီးကြ၏။ ပဋိညာဉ်အား ချိုးဖေါက်မှု မရှိချေ။

၂၁။ وَالَّذِينَ يَصِلُونَ مَا أَمَرَ اللّهُ بِهِ أَن يُوصَلَ وَيَخْشَوْنَ رَبَّهُمْ وَيَخَافُونَ سُوءَ الحِسَابِ۞

သူတို့သည် ပရမတ်ဘုရားရှင်က ပြုပြင်ရန်ချမှတ်သော စီမံချက်အတိုင်း ပြုပြင်ကြ၏။ ကံကြမ္မာရှင်အား ကြောက်ရွံ့ရိုကျိုးကြ၏။ အကုသိုလ် အချုပ်စာရင်းကို စိုးရိမ်ကြ၏။

၂၂။ وَالَّذِينَ صَبَرُواْ ابْتِغَاء وَجْهِ رَبِّهِمْ وَأَقَامُواْ الصَّلاَةَ وَأَنفَقُواْ مِمَّا رَزَقْنَاهُمْ سِرًّا وَعَلاَنِيَةً وَيَدْرَؤُونَ بِالْحَسَنَةِ

| | |
|---|---|
| | **السَّيِّئَةَ أُوْلَئِكَ لَهُمْ عُقْبَى الدَّارِ** ۞<br>သူတို့သည် သူတို့၏ကံကြမ္မရှင်ထံမှ ရှေ့ရှုမှုအား ခန္တီကြီးစွာ ရှာမှီးကြ၏။ မေတ္တာဓိဌာန် မြဲမြံကြ၏။ ငါပေးသည့် ရိက္ခာများမှာ တိတ်တဆိတ်ဖြစ်စေ လူသိရှင်ကြားဖြစ်စေ လှူဒါန်းပေးဝေကြ၏။ အကုသိုလ်အား ကောင်းမှုဖြင့် တုံ့ပြန်ကြ၏။ ထိုသူများအတွက် ခံစားခွင့် ဗိမာန်သည် ရှိနေ၏။ |
| ၂၃။ | **جَنَّاتُ عَدْنٍ يَدْخُلُونَهَا وَمَنْ صَلَحَ مِنْ آبَائِهِمْ وَأَزْوَاجِهِمْ وَذُرِّيَّاتِهِمْ وَالمَلاَئِكَةُ يَدْخُلُونَ عَلَيْهِم مِّن كُلِّ بَابٍ** ۞<br>သူတို့၏ ဘိုးဘများ၊ သူတို့၏ ပေါင်းဖေါ်ကြင်ဘက်များ၊ သူတို့၏ သားသမီးများနှင့် မကွဲမကွာ တည်မြဲခြင်း သုခဘုံသို့ ဝင်ရောက်စံစားရလတ္တံ့။ နိမိတ်ဆောင်များသည်လည်း သူတို့ထံသို့ ဝင်ပေါက်တိုင်းမှ ဝင်လာကြ၍။[၁၆၇] ဆိုသည်မှာ– |
| ၂၄။ | **سَلاَمٌ عَلَيْكُم بِمَا صَبَرْتُمْ فَنِعْمَ عُقْبَى الدَّارِ** ۞<br>"သင်တို့၏ ခန္တီပါရမီကြောင့် သင်တို့သည် ငြိမ်းချမ်းပါစေသော်၊ ခံစားခွင့် ဗိမာန်သည် မည်မျှ သာယာလှသနည်း။" |
| ၂၅။ | **وَالَّذِينَ يَنقُضُونَ عَهْدَ اللّهِ مِن بَعْدِ مِيثَاقِهِ وَيَقْطَعُونَ مَآ أَمَرَ اللّهُ بِهِ أَن يُوصَلَ وَيُفْسِدُونَ فِي الأَرْضِ أُوْلَئِكَ لَهُمُ اللَّعْنَةُ وَلَهُمْ سُوءُ الدَّارِ** ۞<br>ပရမတ်ဘုရားရှင်က ပြုပြင်ရန်ချမှတ်သော စီမံချက်အတိုင်း ပြုပြင်ကြရန် ပရမတ်ဘုရားရှင်နှင့် ပဋိညာဉ်ပြုပြီးမှ ကတိကဝတ်ကို ဖေါက်ဖျက်၍–မြေကမ္ဘာ၌ အဖျက်အနှောင့်ပြုသော ထိုသူတို့အတွက် ကံကြီးသင့်မှုသည် ရှိနေ၍၊ သူတို့အတွက် အကုသိုလ် ဗိမာန်သည် ရှိနေ၏။ |
| ၂၆။ | **اللّهُ يَبْسُطُ الرِّزْقَ لِمَنْ يَشَاء وَيَقَدِرُ وَفَرِحُواْ بِالْحَيَاةِ الدُّنْيَا وَمَا الْحَيَاةُ الدُّنْيَا فِي الآخِرَةِ إِلاَّ مَتَاعٌ** ۞<br>ပရမတ်ဘုရားရှင်သည် အရှင်၏စံချိန်အတိုင်း ရိက္ခာချောင်လည်ခြင်း၊ ကြပ်တည်းခြင်းကို သတ်မှတ်တော်မူ၏။ သူတို့သည် ပစ္စုပ္ပန်ဘဝ၌ ပျော်ရွှင်မြူးထူးနေကြ၏။ ပစ္စုပ္ပန်ဘဝသည် အနာဂါတ်အတွင်း၌ ခေတ္တမျှသာ ဖြစ်၏။[၁၆၈] |
| ၂၇။<br>မုဟာမ္မဒ် | **وَيَقُولُ الَّذِينَ كَفَرُواْ لَوْلاَ أُنزِلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ قُلْ إِنَّ اللّهَ يُضِلُّ مَن يَشَاء وَيَهْدِي إِلَيْهِ مَنْ أَنَابَ** ۞<br>ဖုံးကွယ်သောသူများက "**သူ့**ကံကြမ္မာရှင်၏ထံမှ **သူ့**ထံသို့ သက်သေလက္ခဏာ တစ်ပါး ချမှတ်ပေးပါစေ၊"ဟု ပြောကြ၏။ ပရမတ်ဘုရားရှင်သည် အရှင်၏ စံချိန်အတိုင်း လမ်းလွဲခြင်း၊ အရှင့်ထံသို့ ဘက်လှည့် လမ်းညွှန်ခြင်းကို ပြုတော်မူ၏။ |
| ၂၈။ | **الَّذِينَ آمَنُواْ وَتَطْمَئِنُّ قُلُوبُهُم بِذِكْرِ اللّهِ أَلاَ بِذِكْرِ اللّهِ تَطْمَئِنُّ الْقُلُوبُ** ۞<br>ထိုယုံကြည်သူများသည် ပရမတ်ဘုရားရှင်အား ရှုမှတ်သတိရခြင်းဖြင့် နှလုံးဒဟာရ ချမ်းမြေ့ကြ၏။ အေးငြိမ်းသော နှလုံးသားဖြင့် ပရမတ်ဘုရားရှင်အား သတိရရှုမှတ်ကြကုန်၏။ |
| ၂၉။ | **الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ طُوبَى لَهُمْ وَحُسْنُ مَآبٍ** ۞<br>ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှုကို ပြုသူတို့အတွက် စိတ်ချမ်းသားမှုနှင့် ကောင်းမွန်သော အပြန်ခရီးသည် ရှိနေ၏။ |

---

(၁၆၇) နိမိတ်ဆောင်များ ဆိုသည်မှာ လူသားများပင် ဖြစ်ကြောင်း ၂း၃၀ တွင် ရှင်းပြပြီး ဖြစ်သည်။ သူတို့သည် ဝင်ပေါက်တိုင်းမှ ဝင်လာကြမည် ဆိုသည်မှာ သူတို့သည် လူသားများ ဖြစ်ခြင်းကြောင့် လူသားများအား သူတို့တတ်အားသ၍ သွန်သင်ဦးဆောင်ခဲ့မှုများ ရှိပေသည်။ ထို့ကြောင့် သူတို့ သွန်သင်ခဲ့သော လူသားများ ဝင်ရောက်ခံစားရာ သုခဘုံ၌ သူတို့ကဲ့သို့ လူသားများနှင့်အတူ ဝင်ရောက်ခံစားရခြင်းပင် ဖြစ်ပေသည်။

(၁၆၈) **وَمَا الْحَيَاةُ الدُّنْيَا فِي الآخِرَةِ إِلاَّ مَتَاعٌ ပစ္စုပ္ပန်ဘဝသည် အနာဂါတ်အတွင်း၌ ခေတ္တမျှသာ ဖြစ်၏။** ဟူသော ဤ သုတ်ဒေသနာသည် အနာဂါတ် ဘဝ ဆိုသည်မှာ အတိတ်၊ ပစ္စုပ္ပာန်တို့ အားလုံး အကြုံးဝင်နေသော ကာလ ဖြစ်ကြောင်း– အတိတ် ပစ္စုပ္ပာန်တို့၏ လုပ်ဆောင် ကျင့်ကြံမှုအားလုံးသည် အနာဂါတ်ဘဝတည်း ဟူသော ကာလကြီး အစိတ်အပိုင်းမျှသာ ဖြစ်ကြောင်း ထင်ရှားစွာ ပြောဆိုသော သုတ်ဒေသနာပင် ဖြစ်တော့သည်။ သို့သော် အစ္စလာမ်သာသနာက အတိတ်ကံကြောင့်၊ မူလဗီဇစ်အပြစ်ကြောင့်ဟူသော ဇာတိမာန်အားလျှော့စေမည့် သွန်သင်ချက်မျိုးကို သွန်သင်ခြင်း မရှိချေ။

၃၀။ كَذَلِكَ أَرْسَلْنَاكَ فِي أُمَّةٍ قَدْ خَلَتْ مِن قَبْلِهَا أُمَمٌ لِّتَتْلُوَ عَلَيْهِمُ الَّذِيَ أَوْحَيْنَا إِلَيْكَ وَهُمْ يَكْفُرُونَ بِالرَّحْمَنِ قُلْ
هُوَ رَبِّي لا إِلَـهَ إِلاَّ هُوَ عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ مَتَابِ۞

ဤသို့ပင်၊ ငါသည် သင့်အား အသိုင်းအဝိုင်း တစ်ခုထဲသို့ စေစား၏။ ထိုမတိုင်မီ လွန်ခဲ့သော အသိုင်းအဝိုင်းများလည်း ရှိခဲ့၏။ သင့်ထံ၌ အာရုံစူးချ်ပြစ်ပေးရာကို သူတို့အား ရွတ်ဖတ်ပြရန် ဖြစ်၏။ ကရုဏာတော် အရှင်အား ဖုံးကွယ်သော ထိုသူတို့အား "အရှင်သည် သင်တို့၏ ကံကြမ္မာရှင် ဖြစ်၏။ အရှင်မှအပ အခြားဘုရားဟူ၍ မရှိပြီ။ အရှင့်ကိုသာ ယုံပုံ ကိုးစားလော့၊ အရှင့်ထံသို့သာ အပြန်ခရီးသည်ရှိ၏၊"ဟု ဟောကြားလော့။

၃၁။ وَلَوْ أَنَّ قُرْآنًا سُيِّرَتْ بِهِ الْجِبَالُ أَوْ قُطِّعَتْ بِهِ الأَرْضُ أَوْ كُلِّمَ بِهِ الْمَوْتَى بَل لِّلّهِ الأَمْرُ جَمِيعًا أَفَلَمْ يَيْأَسِ
الَّذِينَ آمَنُواْ أَن لَّوْ يَشَاء اللّهُ لَهَدَى النَّاسَ جَمِيعًا وَلاَ يَزَالُ الَّذِينَ كَفَرُواْ تُصِيبُهُم بِمَا صَنَعُواْ قَارِعَةٌ أَوْ
تَحُلُّ قَرِيبًا مِّن دَارِهِمْ حَتَّى يَأْتِيَ وَعْدُ اللّهِ إِنَّ اللّهَ لاَ يُخْلِفُ الْمِيعَادَ۞

အကယ်၍ ကုရ်အံကျမ်းတော်သည် တောင်တန်းများကို ရွေ့လျောစေခြင်း၊ ကမ္ဘာမြေအား အပိုင်းပိုင်းပြတ်စေခြင်း၊ သေနေသူများကို စကားပြောစေခြင်း ဖြစ်ခဲ့သော်၊ အမှန်မှာ အလုံးစုံသည် ပရမတ်ဘုရားရှင်၏ စီမံသတ်မှတ်မှုသာ ဖြစ်၏။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့သော် လူသား အားလုံးသည် လမ်းညွှန်ခံရလတ္တံ့ ယုံကြည်သူများမှာ စိတ်လျှော့ စရာ မဟုတ်ပေ။ ဖုံးကွယ်သူတို့အတွက် လုပ်ဆောင်ခြင်းဒဏ် ဘေးဒုက္ခသည် အဆက်မပြတ် ရှိနေ၏။ သို့မဟုတ် ပရမတ်ဘုရားရှင်၏ ထားရှိသော ကတိတော် ပေးရောက်သည်အထိ ဖိစီးမှုများသည် သူတို့၏ အိမ်များသို့ နီးကပ်လာ နေ၏။ ပရမတ်ဘုရားရှင်သည် ကတိကဝတ်အား ပေ့ါလျော့ခြင်း မရှိချေ။[၅၆၉]

၃၂။ وَلَقَدِ اسْتُهْزِىءَ بِرُسُلٍ مِّن قَبْلِكَ فَأَمْلَيْتُ لِلَّذِينَ كَفَرُواْ ثُمَّ أَخَذْتُهُمْ فَكَيْفَ كَانَ عِقَابِ۞

သင့်မတိုင်မီ ဥာဏ်စဉ်ဆောင်များသည်လည်း ပျက်ရယ်ပြုခြင်းကို ခံခဲ့ရ၏။ ငါသည် ဖုံးကွယ်သူတို့အား အချိန်ပေး ထား၍ တဖန် အစားပေးမှုမှာ မည်သို့ရှိသည်ဟု သူတို့အား သိမ်းယူတော်မူ၏။

၃၃။ أَفَمَنْ هُوَ قَآئِمٌ عَلَى كُلِّ نَفْسٍ بِمَا كَسَبَتْ وَجَعَلُواْ لِلّهِ شُرَكَاء قُلْ سَمُّوهُمْ أَمْ تُنَبِّئُونَهُ بِمَا لاَ يَعْلَمُ فِي
الأَرْضِ أَم بِظَاهِرٍ مِّنَ الْقَوْلِ بَلْ زُيِّنَ لِلَّذِينَ كَفَرُواْ مَكْرُهُمْ وَصُدُّواْ عَنِ السَّبِيلِ وَمَن يُضْلِلِ اللّهُ فَمَا لَهُ مِنْ
هَادٍ۞

အရှင်သည် ဥဉ်စရိုက် ကိုယ်စီ၏ ကျင့်ဆောင်ခြင်းပေါ်၌ တစိုက်မတ်မတ် ရှိနေသော အရှင် မဟုတ်လော။ ပရမတ် ဘုရားရှင်နှင့် ရောပွန်းကိုးကွယ်မှု ပြုလုပ်ကြသလော။ ဟောလော့ "၎င်းတို့အား အမည်ပေးကြလော့၊ သင်တို့သည် ကမ္ဘာ၌ အရှင်မသိသော အရာရှိသည်ဟု ထုတ်ပြန်ကြမည်လော။ သို့မဟုတ် အနှစ်သာရမဲ့ ပြောနေကြသလော။ အမှန် မှာ ဖုံးကွယ်သူများ၏ ကြံစည်မှုသည် သူတို့အတွက် တင့်တယ်ဟန်ရှိ၏။ သူတို့သည် လမ်းစဉ်တော်မှ နောက်တွန့်နေသူ များ ဖြစ်ကြ၏။ ပရမတ်ဘုရားရှင်က အပါယ်လမ်း၌ ထားသောသူအား လမ်းညွှန်နိုင်သော အရာ မရှိချေ။

၃၄။ لَّهُمْ عَذَابٌ فِي الْحَيَاةِ الدُّنْيَا وَلَعَذَابُ الآخِرَةِ أَشَقُّ وَمَا لَهُم مِّنَ اللّهِ مِن وَاقٍ۞

သူတို့အတွက် ဤလောကီ  သက်တမ်း၌ ဝဋ်ဒုက္ခသည် ရှိ၍။ နောင်ဘဝ၌လည်း ပိုဆိုးသော ဝဋ်ကြွေးသည် ရှိနေ၏။ သူတို့အတွက် ပရမတ်ဘုရားအား ဆန့်ကျင်၍ ကာကွယ်နိုင်သူ မရှိချေ။

---

(၅၆၉) ကျမ်းတော်တွင် တောင်တန်းများ ကျောက်တောင်များ ဆိုသည်မှာ အစွဲကြီးသော ခေါင်းဆောင်များကိုလည်းကောင်း၊ မြေကမ္ဘာ အပိုင်းပိုင်း ဖြတ်ခြင်း ဆိုသည်မှာ အတွေးအခေါ်တော်လှန်ရေး လုပ်သောအကြောင့် ဝါဒမတူသော တိုင်းပြည်များ ပေါ်ပေါက်ခြင်းကိုလည်းကောင်း သေသူများကို စကားပြောစေခြင်း ဆိုသည်မှာ ဘဝသေနေသူများ အတွေးအခေါ် ရှိလာခြင်းကိုလည်းကောင်း ဆိုလိုကြောင်း မကြာခဏ ရည်ညွှန်းပြောဆိုပေသည်။ အကယ်၍ ကျမ်းမြတ်ကုရ်အံကို လေ့လာ၍ လူသားများသည် အတွေးအခေါ်သစ်များ ဝင်လာကြလျှင် ထိုဖြစ်ရပ်သည် ပရမတ်ဘုရားရှင်၏ စီမံမှုသာ ဖြစ်ကြောင်း ဤသုတ်တော်မှ ဆိုလိုခြင်း ဖြစ်ပေသည်၊ ကျမ်းတော်ကို အရှင်ချမှတ်ခြင်းကြောင့် ဖြစ်၏၊ မည်သူ၏ လက်ရာ ပရောဂမှ မဟုတ်ပေ။

| | |
|---|---|
| ၃၅။ | مَّثَلُ الْجَنَّةِ الَّتِي وُعِدَ الْمُتَّقُونَ تَجْرِي مِن تَحْتِهَا الأَنْهَارُ أُكُلُهَا دَآئِمٌ وِظِلُّهَا تِلْكَ عُقْبَى الَّذِينَ اتَّقَواْ وَّعُقْبَى الْكَافِرِينَ النَّارُ ۞<br>စည်းစောင့်သူများအတွက် ကတိတော်ထားသည့် သုခဘုံ၏ ဥပမာမှာ အောက်ခင်း၌ စိမ်းစမ်းရေသွင် စီးဆင်းနေလျှက်၊ မပြတ်စဲသော အစားအစာများ၊ အရိပ်အဝါသများ ဖြစ်၏။ ဤသည် စည်းစောင့်သူများ အတွက် အစားပေးခြင်း ဖြစ်၍၊ ဖုံးကွယ်သူများအတွက် အစားပေးခြင်းမှာ အပူမီးသာလျှင် ဖြစ်၏။[၅၇၀] |
| ၃၆။ | وَالَّذِينَ آتَيْنَاهُمُ الْكِتَابَ يَفْرَحُونَ بِمَا أُنزِلَ إِلَيْكَ وَمِنَ الأَحْزَابِ مَن يُنكِرُ بَعْضَهُ قُلْ إِنَّمَا أُمِرْتُ أَنْ أَعْبُدَ اللّهَ وَلا أُشْرِكَ بِهِ إِلَيْهِ أَدْعُو وَإِلَيْهِ مَآبِ ۞<br>ငါ၏ ကျမ်းပေးခံရသော သူများသည်၊ သင့်ထံ၌ ချမှတ်ပေးရာတွင် ဝမ်းမြောက်ကြ၏။ အချို့ကလည်း ၎င်းမှ တစ်ချို့ကို ငြင်းဆန်ကြ၏။ ဟောလော့ "ကျွန်ုပ်အား ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ရန်၊ အရှင့်အား ရောပြွန်းကိုးကွယ်ခြင်း မပြုရန် မိန့်ညွှန်ခံရ၏။ ကျွန်ုပ်သည် အရှင့်ထံ၌သာ ဆုပန်၏။ အပြန်ခရီးမှာ အရှင့်ထံသို့သာ ဖြစ်၏။" |
| ၃၇။<br>❖<br>၄၁း၄၄ | وَكَذَلِكَ أَنزَلْنَاهُ حُكْمًا عَرَبِيًّا وَلَئِنِ اتَّبَعْتَ أَهْوَاءهُم بَعْدَ مَا جَاءكَ مِنَ الْعِلْمِ مَا لَكَ مِنَ اللّهِ مِن وَلِيٍّ وَلاَ وَاقٍ ۞<br>ဤသို့ ငါသည် ဓမ္မသတ်ကို အာရဗီဘာသာဖြင့် ချမှတ်ပေးတော်မူ၏။❖ အသိဉာဏ်စဉ်မှ အသင့်ထံသို့ ဆိုက်ရောက်ပြီး နောက်၊ အသင်သည် သူတို့၏ အလိုရမက်ကို လိုက်နာအံ့၊ သင့်အတွက် ပရမတ်ဘုရားရှင်အား ဆန့်ကျင်၍ ကွပ်ကဲမည့်သူ၊ ကာကွယ်မည့်သူ မရှိချေ။ |
| ၃၈။ | وَلَقَدْ أَرْسَلْنَا رُسُلاً مِّن قَبْلِكَ وَجَعَلْنَا لَهُمْ أَزْوَاجًا وَذُرِّيَّةً وَمَا كَانَ لِرَسُولٍ أَن يَأْتِيَ بِآيَةٍ إِلاَّ بِإِذْنِ اللّهِ لِكُلِّ أَجَلٍ كِتَابٌ ۞<br>သင့် အလျှင်က ဉာဏ်စဉ်ဆောင်များကို ငါအရှင် စေပို့ခဲ့၍၊ သူတို့အတို့ ပေါင်းဖော်ကြင်ဘက်များ၊ သားသမီးများကို ငါ အရှင်က မုချ စီမံပေးခဲ့၏။[၅၇၁] ပရမတ်ဘုရားရှင်၏ ခွင့်ပြုချက် မရှိဘဲ မည်သည့် ဉာဏ်စဉ်ဆောင်မှ သုတ်ဒေသနာ တစ်ပါးမျှ ပေးရောက်နိုင်ခွင့် မရှိချေ။ အရာကိုယ်စီ အတွက် သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်၏။ |
| ၃၉။<br>✡ ၃း၆ | يَمْحُو اللّهُ مَا يَشَاء وَيُثْبِتُ وَعِندَهُ أُمُّ الْكِتَابِ ۞<br>ပရမတ်ဘုရားရှင်သည် စံချိန်နှင့်အညီ ဖျက်သိမ်းခြင်း၊ အတည်ပြုခြင်းကို ပြု၏။ အရှင့်ထံတော်၌ မိခင်ရင်းမြစ် ကျမ်း တော်သည် ရှိ၏။ ✡ [၅၇၂] |
| ၄၀။<br>ထို | وَإِن مَّا نُرِيَنَّكَ بَعْضَ الَّذِي نَعِدُهُمْ أَوْ نَتَوَفَّيَنَّكَ فَإِنَّمَا عَلَيْكَ الْبَلاَغُ وَعَلَيْنَا الْحِسَابُ ۞ |

(၅၇၀) အစ္စလာမ်သာသနာက ပြောသော သုခံဘုံ၊ ဒုက္ခဘုံတို့တွင် ခံစားရခြင်းများ ဆိုသည်မှာ လူသားတို့ နားလည်စေရန် ဥပမာပေးခြင်းများသာ ဖြစ်ကြောင်း ဤသုတ်တော်က ဖေါ်ပြထားပေသည်။

(၅၇၁) သဘာဝ တရားနှင့်အညီ အိမ်ထောင်ယာသားပြုခြင်းအား ကိလေသာ အညစ်အကြေးမှ မကင်းစင်ဟု အစ္စလာမ် သာသနာက မသွန်သင်ပေ။ အချိန်အခါနှင့် နေရာ အနေအထားပေါ်မူတည်၍ ဖိုမဆက်ဆံခြင်းကို စောင့်ထိန်းရမည့် အချေအနေများကိုသာ သွန်သင်ပေသည်၊ (၂း၁၈၇၊ ၁၉၇၊ ၂၂၂)။ လောက၌ ပွင့်ပေါ်သော လူသားပညတ်ဘုရား (ဉာဏ်စဉ်ဆောင်)များတွင်လည်း လူပျို ဘုရားရှိသည်ဟု လုံးဝ ဆိုမထားပေ။ ထို့ကြောင့် ကိုယ်တော် ယေရှု၌ အိမ်ထောင်မရှိခဲ့၊ သားသမီး မရှိခဲ့ဟု ထင်မြင်မှုများမှာ အစ္စလာမ်သာသနာ၏ သွန်သင်ချက်များမှ မဟုတ်ပေ။

(၅၇၂) ပရမတ်ဘုရားရှင်သည် လောကဓမ္မအား ချမှတ်ပေးသောအရှင် ဓမ္မ၏ ဇစ်မြစ်တော်ဟု ကျမ်းတော်၌ နည်းမျိုးစုံဖြင့် တင်ပြနေပေသည်။ အစ္စလာမ်သာသနာက ပညတ်ဘုရားရှင်များ ပွင့်ပေါ်ပြီးမှ လောကဓမ္မ သို့မဟုတ် ပရမတ္ထသစ္စာ ပေါ်ထွန်းလာသည်ဟုလည်းကောင်း သဘာဝ အလျောက် ဖြစ်လေ့ရှိသော အရာများအား လောကဓမ္မ အဖြစ် ခံယူ၍ သဗ္ဗညုဉာဏ်စဉ်ရ လူသားပညတ်ဘုရားသည်ပင် လိုက်နာနေရသည်ဟု လည်းကောင်း အစ္စလာမ်က လက်မခံပေ။ လောကဓမ္မအား ပြဋ္ဌာန်းသော ပြဋ္ဌာန်းရှင်မှာ ပရမတ်ဘုရားရှင်သာ ဖြစ်သည်ဟု အစ္စလာမ်သာသနာက သွန်သင်၍ (၁း၁)။ ထိုအရှင်သည် ရင်းမြစ်ဓမ္မ၏ အရှင်ဖြစ်သည်ဟု သုတ်တော်ကလည်း ဆိုထားပေသည်။ (၁၀း၃)

| | |
|---|---|
| သတင်း | သူတို့အား ငါ ကတိတော်ထားရာမှ တစ်ချို့ကို သင့်အား မြင်စေသည် ဖြစ်စေ၊ သင့်အား ခန္ဓာဝန်ချစေသည် ဖြစ်စေ၊ သင့် ဝန်တာမှာ **၎င်း**ကို ရင့်သန်ရန်သာ ဖြစ်၏။ စာရင်းချုပ်ရန်မှာ ငါ၏ ဝန်တာဖြစ်၏။ |
| ၄၁။ | **أَوَلَمْ يَرَوْاْ أَنَّا نَأْتِي الأَرْضَ نَنقُصُهَا مِنْ أَطْرَافِهَا وَاللّهُ يَحْكُمُ لاَ مُعَقِّبَ لِحُكْمِهِ وَهُوَ سَرِيعُ الْحِسَابِ ۝** <br> ငါသည် ကမ္ဘာကို မျက်စိတစ်ဆုံးမှ စ၍ ကျစ်လစ် ပေးစုတော်မူသည်ကို[၅၇၃] သူတို့ မမြင်ကြသလော။ ပရမတ်ဘုရားရှင်က ဆုံးဖြတ်ချမှတ်မှု၊ ထိုအဆုံးအဖြတ်အား ခုခံနိုင်သူ မရှိချေ။ အရှင်သည် ချက်ချင်းလက်ငင်း စာရင်းရှင်းနေတော်မူ၏။ |
| ၄၂။ | **وَقَدْ مَكَرَ الَّذِينَ مِن قَبْلِهِمْ فَلِلّهِ الْمَكْرُ جَمِيعًا يَعْلَمُ مَا تَكْسِبُ كُلُّ نَفْسٍ وَسَيَعْلَمُ الْكُفَّارُ لِمَنْ عُقْبَى الدَّارِ ۝** <br> သူတို့မတိုင်မီ မျိုးဆက်သည်လည်း ကြံစည်ခဲ့ကြ၏။ သို့သော် ကြံစည်ခြင်း အားလုံးသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာထဲ၌ ရှိ၏။ အရှင်သည် ဉာဉ်စရိုက် ကိုယ်စီ၏ ကျင့်ဆောင်ခြင်းကို သိနေတော်မူ၏။ ဖုံးကွယ်သူတို့သည် သူတို့အား အစားပေးခြင်း ဗိမာန်အား သိကြရလတ္တံ့။ |
| ၄၃။ | **وَيَقُولُ الَّذِينَ كَفَرُواْ لَسْتَ مُرْسَلاً قُلْ كَفَى بِاللّهِ شَهِيدًا بَيْنِي وَبَيْنَكُمْ وَمَنْ عِندَهُ عِلْمُ الْكِتَابِ ۝** <br> ဖုံးကွယ်သော သူတို့က အသင်သည် ဉာဏ်စဉ်တော်ဆောင် မဟုတ်ဟု ပြောဆိုကြ၏။ ဟောလော့ "ပရမတ်ဘုရားရှင်နှင့် ကျမ်းတော်အား သိနိုင်စွမ်း ရှိသူတို့သည် သင်တို့နှင့် ကျွန်ုပ်အကြား မျက်မှောက် သက်သေများ ဖြစ်ကြ၏။"[၅၇၄] |

---

(၅၇၃) **နန်းကုဆိုဟာ၊ မင်းအတ်တရ ဖိဟာ نَنقُصُهَا مِنْ أَطْرَافِهَا** ဆိုသည်မှာ အမျက်စိတဆုံးမှစ၍ အလည်သို့ စုလာသည်ဟု ဖြစ်ပေသည်။ တင်စားမှု ဥပမာအားဖြင့် အရှင်၏ သာသနာတော်သည် မြို့စွန်ရပ်ဖျားမှ စ၍ တိုင်းပြည်မြို့ရွာရှိ မြို့ကြီးများအတွင်းသို့ တဖြေးဖြေး ထိုးဖေါက်ဝင်ရောက်လာလျက် မယုံကြည်သူတို့၏ နယ်ပယ်မှာ တဖြေးဖြေး ကျဉ်းလာသည် ဟု ဆိုလို၍။ ရုပ်ပိုင်းဆိုင်ရာအားဖြင့် မိမိဝန်ရိုးပေါ်၌ လည်နေသော ကမ္ဘာသည် လည်ပတ်မှု အဟုန်၌ အတွင်းသားများ ကျစ်လစ်လာနေခြင်းကို ဆိုလိုပေသည်။ မျက်စိတစ်ဆုံး ဆိုသည်မှာ သာမန်မျက်လုံးဖြင့် မြင်နိုင်သော မိုးကုတ်စက်ဝိုင်းကို ဆိုလိုခြင်း မဟုတ်ချေ၊ ထိုစကားလုံး **أَطْرَافِهَا အတ္တရဖီးဟာ** ဆိုသည်မှာ မျက်ခြည်ပြတ်သွားခြင်း ခေါ်ဆိုပေသည်၊ ၃း၁၂၇။ ၁၁း၁၁၆ ထို့ကြောင့် အဆုံး မရှိနိုင်သော အစွန်းဟု အဓိပ္ပါယ်ကို ပေးပေသည်။ ထို့ကြောင့် ဟိုအဝေးဆုံးမှ အရာအား မျက်လုံးမှ ဆွဲယူမြင်သကဲ့သို့ ထိုအဆုံး မရှိနိုင်သော ကမ္ဘာ၏ အစွန်းမှ အရာများထိ ကမ္ဘာက ဆွဲယူထားသည် ဟူသည့် ကမ္ဘာ့ဆွဲအားကိုလည်း ဆိုလိုပေသည်။ မြင်နိုင်သော မျက်လုံးသည် ဝေး၍ ဝေး၍သွားသော မြင်နိုင်အား လျော့ပါးသွားကဲ့သို့ ကမ္ဘာ၏ပရဝုဏ်နှင့် ဝေး၍ဝေး၍သွားသော် ကမ္ဘာ၏ ဆွဲအားမှာ လျော့၍လျော့ လာသည်ဟု ထပ်ထူခိုင်းနှိုင်း ပြောဆိုခြင်း ဖြစ်ပေသည်။

(၅၇၄) မိရိုးဖလာ၌ အစွဲမကုန်သူ၊ အတွေးအခေါ် အယူအဆ တစ်ခုအား ဆင်ခြင်သုံးသပ်ရန် ကြောက်ရွံ့သူများနှင့် မိမိအကျိုး ဆုတ်ယုတ်မည်ကို ကြောက်၍ အများကြိုက်လိုက်လျော ဆင်ခြေမှားကို လိုက်နေသူများက ဤကုရ်အံကျမ်းတော်အား သေချာစွာ မလေ့လာဘဲလျက် ကိုယ်တော် မုဟမ္မဒ်သည် နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ဖြစ်သည်ကို လက်ခံရန် တစ်စိုက်မတ်မတ် ငြင်းဆန်လျက် ရှိပေသည်။ မည်သူမဆို မိမိ၏ ဆုံးဖြတ်ပိုင်ခွင့်ကို မိမိသာ ခံစားရမည် ဖြစ်ပေသည်။ သို့သော် မိမိ၏ ဆုံးဖြတ်ချက်ကြောင့် မိမိ၏ မျိုးဆက်များကိုပါ ထိခိုက်နစ်နာစေနိုင်ဟု သတိထားမိသူများ အနေဖြင့် အစွဲ သက္ကာယ ကင်းစွာဖြင့် ဤကျမ်းတော်အား လေ့လာသင့်ပေသည်။ ကိုယ်တော် မုဟမ္မဒ်သည် အမှန်တကယ် ဉာဏ်စဉ်တော်ဆောင် (ပညတ်ဘုရား) ဟုတ် မဟုတ်ကို သုံးသပ်သင့်ပေသည်။ ထိုသို့ လေ့လာသုံးသပ်ရန်လည်း ဤသုတ်တော်က ဖိတ်ခေါ်လျက် ရှိပေသည်။ ကမ္ဘာပေါ်တွင် ပွင့်ပေါ်လေသမျှသော ဉာဏ်စဉ်တော်ဆောင်များတွင် ကိုယ်တော်မုဟမ္မဒ်သည် အတိုက်ခိုက် အပုတ်ခတ်ခံရဆုံးသော ကိုယ်တော် ဖြစ်ပေသည်။ အခြားသော ကိုယ်တော်များမှာ ကိုယ်တော် မုဟမ္မဒ်လောက် ပုတ်ခတ်ခြင်းကို မခံရကြောင်း သက်ဆိုင်ရာ ကျမ်းစာများက သက်သေအဖြစ် ရှိနေသေးပေသည်။ ထိုသို့ပုတ်ခတ် တိုက်ခိုက်နေသော်လည်း ကိုယ်တော်၏ အမည်နာမမှာ တစ်နေ့တစ်ခြား ကမ္ဘာ့ဒေသအနှံ့သို့ ပြန့်နှံ့လျက်သာ ရှိသည်မှာ မည်သူမှ မငြင်းဆိုနိုင်ပေ။ အလားတူပင် ကိုယ်တော်အား ဉာဏ်စဉ်တော် ကိန်းဝပ်ပေးခြင်းဖြင့် ကိုယ်တော် ကြွေငြာသော ဘုရားတစ်ဆူဝါဒနှင့် ကျမ်းမြတ်ကုရ်အံမှ ချမှတ်သော ကျင့်ဝတ်နည်းနာများသည် နေ့စဉ် ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့နေသည်ကို မည်သည့်နှိပ်ကွပ်ခြင်းဖြင့် နှိပ်ကွပ်သော်လည်း နောက်တွန့်သွားသည်ဟု မရှိပေ။